# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်


> ယေရှုကလည်း ငါ့ကို ချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။
> ငါ့ ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။
> ငါတို့သည်လည်း သူ့ဆီသို့ ကြွ၍ နေရာချမည်။
> ယောဟန် ၁၄း၂၃


အမှတ်စဉ် (၇၁) ဇူလိုင်လ ၂၀၀၇ ခုနှစ် စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## လမင်းတစ်စင်း

ကမ္ဘာလောက ကိုယ်သိစမှ ၊ စတွေ့ခဲ့ရ ဝင်းချိုအလှ
ရွှန်းလဲ့လမင်း အပြုံးမျက်နှာ ဘယ်သူ ဘယ်ဝါ မသိပါလား။
အနမ်းချိုချို လွမ်းပိုပိုနှင့် နေ့စဉ်ရက်တိုင်း ကြူမွှေးတာများ
ပါးပြင်နုမှာ ရဲရဲတွတ်ကာ နီလေသည်။
ဘာမှမသိ ဘာမှမရှိ အလိုက်တသိ စိတ်မရှိနှင့်
ထင်တိုင်းတွေ့ရာ လုပ်မိငြားအံ့ ၊ စိတ်တော် မညို ပြုံးချိုချိုနှင့်
လက်ခုပ်လေးတောင် တီးပေးပါလား။
သူ့ဆံကိုဆွဲ ပါးကိုပုတ်နှင့် ခြေနှင့်ကန်ကျောက်
ထင်တိုင်းပေါက်အောင် လုပ်မိငြားအံ့
စိတ်တော် မညို ရွှန်းလဲ့ချိုသာ တေးကလေးတောင် ဆိုနေပါလား။
ကိုယ်က ရီရွှင် ပြုံးပျော်ရင်ဖြင့် မျက်နှာလှလှ ရွှန်းချိုမြကာ ပျော်နေရှာလဲ
ကိုယ့်စိတ် လိုမကျ ဟစ်အော်ကာ ငိုချရင်ဖြင့်
မျက်နှာလှလှ ငြိုးကာကျကာ သူရောကိုယ်ပါ ကြုကြုပါအောင် ငိုမိပါသည်။
သူရိန်နေမင်း စပေါ်ခြင်းမှ စန္ဒာလဝန်း ငုတ်ကွယ်လျှိုးထိ
မလပ်မအားစောင့်ရှောက်သောသူ ဤသူမည်ကား
ဘယ်သူများလဲ ၊ ရင်ထဲကိန်းဝင် စိတ်က ထင်ဘိ
ဤသူမည်ကား ကောင်းကင် သလင်း အပိုင်နင်းသည့်
ကောင်းကင်နတ်သား တမန်များလား။
သို့မှမဟုတ် လိုချင်တိုင်းတ ရနိုင်အံ့သော စွမ်းအားမျိုးရှင် တန်ခိုးရှင်လား၊
ရက်မှ လပြောင်း အချိန်ကာလနှောင်းမှ ကိုယ်သိရပြီ ဤသူမည်ကား
နှုတ်မှ မြွက်ဟ ကြုံးဝါးဟစ်အော် ခေါ်မိရာတွင်
ဤသူ့နာမ တိုင်းတကာတိုင်း ကြားစေသော်ဝ် ... “မေမေ”။
( ငယ်စဉ်က ကျွန်တော်ငိုလို့ ချော့မရသည့်အခါတိုင်း သူပါရော၍ ငိုတတ် သော ချစ်မေမေသို့
“ မိခင်များနေ့ ” အမှတ်တရ ...) **( ခိုင်မှိုင်း )**

---

## ဆုတောင်းဆဲ

* ဥစ္စာ ခန ကြွယ်ဝသော်လည်း၊ တပ်မက်လိုစိတ် လွန်းအားကြီး၍
ခင်ပွန်းအပေါ်မှာ သစ္စာဖျက်ကာ ၊ ပေါတိဖါ ၏ မယား လိုမျိုး မဖြစ်ချင်ပါ ။
** ငွေကို တပ်မက် လွန်းအားကြီး၍ မချစ်သော်လည်း ချစ်ဟန်ဆောင်ကာ
မာယာသုံး၍ လှည့်စားနေသူ ဒေလိယ လို မဖြစ်ချင်ပါ။
*** စည်းစိမ်ဥစ္စာ ပုံကာပေးလဲ မယိမ်း မေတ္တာ သူ့မှာ ရှိဆဲ
သစ္စာတရား အစဉ်ခိုင်မြဲကာ ချစ်သူအပေါ်မှာ သစ္စာမပျက်
အချစ်မလျော့ဘဲ သက်ဆုံးတိုင်အောင်
ချစ်နေလျှက် အာဘိဂဲလ လို ဖြစ်ချင်တယ်။
**** အာဘိဂဲလ လို တည်ကြည်စိတ်ထား
ပြည့်စုံဘို့အတွက် ကိုယ်တော်ထံ၌ ဆုတောင်းဆဲ။
**နန်းရထိုက် ( ကနခ)**

---

## သွားမယ်ကွယ်



ချစ်သူရယ် မင်းနဲ့ ဆုံတွေ့
သာယာမိန်းမော မင်းအနမ်းများစွာ
ပျားရည်လို ချိုမြ၊ မင်းစကားများစွာ
မူးယစ်ရီဝေ အားလုံးအားလုံးဟာ
ငါ့အတွက်တော့ အိုအေစစ်လေးပေါ့။
ချစ်သူရယ် ခေါင်းလောင်းသံ ချိုမြ
ငြိမ်းချမ်းတဲ့ ဓမ္မတေး မပြောင်းလဲတဲ့ သူ့စကား



ကျမ်းစာထဲမှာ မှတ်သားမိခဲ့တယ်။
ခုတော့လေ သိခဲ့ရပြီ ငါ့အတွက်
တွေ့ခဲ့ရပြီ အားလုံးအတွက်
စစ်မှန်တဲ့ အိုအေစစ် တစ်ခု ယုံကြည်လက်ခံ သူတိုင်းအတွက်
ကယ်တင်ခြင်း အလင်းပေးဖို့ တူယှဉ်ကာ သွားကြပါစို့။ ။
**ဒေးဒေး (အင်းစိန်)**

---

## ဘုရားရဲ့မေတ္တာ

နေရောင်ခြည်အလင်း နံနက်ခင်းမှ နေဝင်ညအိပ် အိပ်စက်ခွင့်လဲ
သူပေးခဲ့တာ ချီးမွမ်းလိုက်ပါ ဘုရားမေတ္တာ ။
မှောင်နေသောလမ်း လင်းစေခဲ့ပြီ မှားသောလမ်းမှ မှန်စေခဲ့တာ
ချီးမွမ်းလိုက်ပါ ဘုရားရဲ့မေတ္တာ ။
သူ့ရဲ့မေတ္တာ သွေးနဲ့ဆေးကာ အပြစ်သား ကိုယ်စား ပေးဆပ်ခဲ့တာ
ချီးမွမ်းလိုက်ပါ ဘုရားရဲ့ မေတ္တာ ။
သခင်ပေးတဲ့ ဒီအသက်တာ အရာအားလုံး ပြည့်စုံပြီမို့
ချီးမွမ်းလိုက်ပါ ဘုရားရဲ့ မေတ္တာ ။
ချစ်ခြင်းတရား မခမ်းခြောက်နိုင် ခန္ဓာစွန့်လို့ သေသည်တိုင်အောင်
ရွေးနှုတ်ကယ်တင် အသက်ဝိညာဉ် ချီးမွမ်းလိုက်ပါ ဘုရားရဲ့ မေတ္တာ ။
**Naw Cho Lay**

---

## ဘုရားရှင်ထံတိုးဝင်ခြင်း

**မလေး(ဂျူလိုင်)**

ဘုရားရှင်က ကျွန်ုပ်တို့ကို အရာခပ်သိမ်း ကူညီချင်ပါတယ်။ ဒါ့ကြောင့်မို့ ဘုရားတန်ခိုးတော်အားဖြင့် ဖြေရှင်းပေးမဲ့ ဘဝ အသက်တာ ထဲသို့ မိမိ ဘဝကို ဘုရားရှင်ထံ တိုးဝင်ချဉ်းကပ်၍ ခိုလှုံပါ။

ဘုရားရှင်က ကျွန်ုပ်တို့ရဲ့ ဆုတောင်းချက်တွေ၊ ပြဿနာတွေ မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေကို ဖြည့်ဆည်းပေးချင်လို့ နားထောင် နေပါတယ်။ ရိုးရိုးရှင်းရှင်း ဆုတောင်းချက်များဖြင့် ဘုရားရှင်ထံ တိုးဝင်ပါ။ ကျွန်ုပ်တို့ရဲ့ ဘဝ ဘယ်လောက်ပင် ဆိုးနေပါစေ၊ ကိုယ့်အိမ်မက်တွေ အကောင် အထည် မပေါ်ရင်လဲ ရှိပါစေ၊ ဘုရားရှင်ထံ ပြည့်ဝ ယုံကြည်စွာ ဘဝကို အပ်နှံပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ လိုအပ်ချက်များကို ဘုရားရှင်က စောင့်ဆိုင်း ထားတတ်ပါတယ်။

ထိုအခါ ကျွန်ုပ်တို့ နှလုံးသားတွင် အလွန် ခက်ခဲသော လေးလံမှု ကို ခံစားရတတ်ပါသည်။ သို့သော် ဘုရားရှင်ထံ တိုးဝင် ချဉ်းကပ်၍ ခိုလှုံမှု ယုံကြည်မှု ကို မလျော့ဘဲ ပို၍ပို၍ တိုးဝင်ချဉ်းကပ် ခိုလှုံပါ။ ဘုရားရှင် အကောင်းဆုံး လုပ်ဆောင်ပေးပါလိမ့်မည်။ ငြိမ်ဝပ်စွာနေ၍ ဘုရားသခင်၏ စကားသံ တော်ကို နားထောင်ပါ။ မှန်ကန်သော ပြဿနာ၏ အဖြေကို ဘုရားရှင် ဖော်ထုတ်ပေးပါလိမ့်မည်။

ထိုအရာသည် မိမိလိုအပ်ချက်၊ တောင်းဆိုချက်နှင့် တစ်ထပ်တည်း ဖြစ်ချင်မှ ဖြစ်မည်၊ သို့သော် ဘုရားရှင်က သင်အလိုချင်ဆုံး အရာထက် သင် အလိုအပ်ဆုံး သင့်တော်သော လိုအပ်ချက်ကို ဖြည့်ဆည်း ပေးလိမ့်မည် ဖြစ်သည်။ ဘုရားရှင်၏ တန်ခိုးတော်သည် ကျွန်ုပ်တို့ ဘဝ လှုပ်ရှားမှုတိုင်းတွင် ပါဝင်နေသည်။ ထို အမှုအရာများထဲမှ ဘုရားသခင်၏ ကောင်းမြတ်ခြင်း အံ့ဩဘွယ် ဖြစ်ခြင်းများအား မှန်ကန်စွာ ရှာဖွေတတ်နိုင်ပါစေ။

**သင်္ဘော သဖန်းပင် မပွင့်ရ၊ စပျစ်ပင် မသီးရ၊ သံလွင်ပင်၏ ကျေးဇူးကို မျှော်လင့်၍ မခံရ၊ လယ်တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌ သိုးကုန်၍ တင်းကုပ်၌ နွား မရှိရ၊ သို့သော်လည်း ထာဝရ ဘုရား၌ ငါ ဝမ်းမြောက်၍ ငါ့ကို ကယ်တင် တော်မူသော ဘုရားသခင်ကို အမှီပြု၍ ရွှင်လန်းမည်။**
**ဟာဗက္ကုတ် ၃း၁၇–၁၈ ။ ။ မလေး(ဂျူလိုင်)**

---

## မှန်(သို့)နှုတ်ကပါတ်တော် ( Blessing Htay )

မိန်းကလေးတိုင်း "မှန်" ကြိုက်တတ်သည်ဟု ဆိုလျှင် မှားမည်



မထင်ပါ။ မှန်ရှေ့ ရောက်သော မိန်းကလေးတိုင်း မိမိရဲ့ ဟန်ပန်ကို ပြုပြင်ကြစမြဲပါ။ မှန်ထဲက မိမိကိုယ်ကို ပြန်ကြည့်နေရင်း "ဒီလို ပုံက လှသလား ဟိုလို ပုံက လှသလား"လို့ စိတ်ထဲက ကိုယ့်ကိုယ်ကို ပြန်မေးရင်း မှန်ကြည့်တတ်သည်က မိန်းမတို့ရဲ့ သဘာဝပါဘဲ။ မှန်ရှေ့မှာ ကျွန်မ ရပ်နေ၍ ပြုံးပြလိုက်လျှင် မှန်ထဲမှ သူကလဲ ပြန်၍ ပြုံးပြနေပါသည်။ မဲ့ပြလိုက်သည့်အခါ မှန်ထဲက သူလဲ မဲ့ပြနေပြန်သည်။ ဩော် ကျွန်မ လုပ်သည့်အတိုင်း မှန်လဲ လိုက် လုပ်တတ်နေသည်။

ထိုအချိန်တွင် အတွေးတစ်ခု ဝင်လာပါသည်။ "ငါဟာ လောက ငြော့သည်၊ ယာယီ လောကထဲမှာ သာယာနေတာလား။ အလဟဿဘဲ၊ လူ့အသက်ဟာ အခိုးအငွေ့လို ခန ပျောက်ကွယ်ခဲ့ရင် သင် ဘယ်သွားမှာလဲ။ လောက အရာကို နှစ်သက်ရင် ဘုရားသခင်ရဲ့ ရန်သူတဲ့" အဲဒီ အချိန်မှာဘဲ ဘုရားသခင်က ကျွန်မကို စကားပြောပါတယ်။

**ယာ ၁း၂၃-၂၄ တရားကို မကျင့်ဘဲ နာရုံမျှသော ပြုသောသူ မည်သည်ကား မှန်၌ မိမိ ပကတိမျက်နှာကို ကြည့်သောသူနှင့် တူ၏။ အကြောင်းမူကား ကိုယ်ကိုယ်ကို ကြည့်ပြီးမှ အခြားသို့ သွား၍ မိမိ အဆင်းသဏ္ဍာန်ကို ချက်ခြင်း မေ့လျော့ တတ်၏။**

ကျွန်မတို့သည် သမ္မာကျမ်းစာ တည်းဟူသော 'မှန်' ကို ကြည့်ဖို့ လိုအပ် နေပါပြီ။ ကျွန်မ၏ ပကတိ ပုံစံကို မြင်ဖို့ရန် 'မှန်' ကဲ့သို့သော ကျမ်းစာကို ဖတ်ရှုမှသာ သူတပါး အပြစ်ကို မမြင်ဘဲ မိမိအပြစ်ကို မြန်တတ်လာပြီး သခင့်ခြေတော်ရင်းတွင် ဝန်ချတောင်းပန်နိုင်မှာဖြစ်သည်။

**ဆာလံ ၁၁၉း၁၀၅ နှုတ်ကပါတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ် လမ်းခရီးကို လင်းစေပါ၏။**

ယုံကြည်သူတိုင်း နှုတ်ကပါတ်တော်အတိုင်း လိုက်လျှောက် မှသာ အလင်း လင်းနိုင်မှာ ဖြစ်ပါတယ်။

**ဆာလံ ၁၁၉ း ၁၃၀ နှုတ်ကပါတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကို ပေး၍ မလိမ္မာသော သူတို့ကို လိမ္မာစေတတ်ပါ၏။**

နှုတ်ကပါတ်တော် မှန်ကို ကြည့်ပြီး ဘုရားသခင်ရဲ့ စကားတော်ကို နားထောင်ရမှာဖြစ်ပါတယ်။ သုတ္တံ ၁း၃၃ ဘုရားသခင်ရဲ့ စကားတော်ကို နားထောင်ခြင်းဖြင့် ဘုရားသခင်ကို ပြန်ပေးဆပ်ရမှာ ဖြစ်ပါတယ်။

**ယာကုပ် ၄း၁၇ ကောင်းသော အကျင့်ကို သိလျက် မကျင့်ဘဲ နေသောသူသည် အပြစ်ရှိ၏။**

ပြဒါးသုတ်ထားတဲ့ ကြေးမုံမှန်သားပြင် မှ မြင်ရသော မိမိရုပ်သွင်ကို နေ့စဉ် ကြည့်ရှုသကဲ့သို့ နှုတ်ကပါတ်တော် 'မှန်' ကို ကြည့်ပြီး နေ့စဉ် ဘုရားရှင်နဲ့ အတူ လမ်းလျှောက်ကြပါစို့။ ကျွန်မ၏ တစ်အိမ်လုံးတွင် မှန်ရှိသောကြောင့် ကြေးမုံမှန် မှ နှုတ်ကပါတ်တော်မှန်ကို ကြည့်တတ်ဖို့ ဘုရားသခင် ခွန်အားပေးသောကြောင့် အယောက်စီတိုင်းကို ပြန်လည် ဝေငှခြင်းဖြစ်ပါသည်။ စာဖတ်သူတိုင်းကို ဘုရားသခင် ကောင်းကြီး ပေးပါစေ။

**Blessing Htay**

---

## မပြောင်းလဲတဲ့ သူတို့ မေတ္တာ (နန်းခင်ဖြူ)

ဟိုး … လွန်ခဲ့တဲ့နှစ် ၂၀၀၆ ရဲ့ ဆောင်းတစ်လမှာ မြန်မာပြည်ကို ခွင့်ရက်နဲ့ ပြန်သွားခဲ့တယ်။ မတွေ့တာ ကြာပြီဖြစ်တဲ့ ချစ်သမီးကို ဝမ်းသာအားရ ပျော်ရွှင်စွာနဲ့ သူတို့ ကြိုဆိုကြတယ်။ ချစ်သမီး မျက်နှာ ကြည့်မဝ ရှုမဝ တာမို့ သူတို့ အကြာကြီး ကြည့်လျှက် ဝမ်းသာပီတိ ဖြစ်နေကြ တယ်။

မနက်စောစော ခိုက်ခိုက်တုန်အောင် ချမ်းနေပေမဲ့လဲ သားသမီး၊ မိသားစု၊ အသင်းတော်အတွက် **Dawn pray** သွားပြီး ဆုတောင်းပေးတဲ့ အမိုး ရဲ့ ခြေလှမ်း ယနေ့ထိတိုင်အောင် မပျက်ကွက်ခဲ့ဘူး။ **Dawn pray** က အပြန် 'ငါ့သမီး အမေ့လက်ရာ မစားရတာကြာပြီ' ဆိုပြီး မမောနိုင် မပန်းနိုင် ဟင်း တစ်မျိုးပြီး တစ်မျိုး ချက်ကျွေးခဲ့တယ်။ "ဒီဟင်းက ဆီများတယ်၊ ဟိုဟင်းက ငန်တယ်၊ ချိုတယ်၊ စပ်တယ်။ စသဖြင့် … အမိုးက **Health conscious** မရှိ ဘူး" လို့ ပြစ်တင် ဝေဖန်တဲ့ သမီးရဲ့ တုန့်ပြန်သံကြောင့် ပျော်နေတဲ့ အမိုး ရဲ့ မျက်နှာ ငြိုးငယ်သွားတာကို ယခုတိုင်အောင် မြင်ယောင်နေမိသေးတယ်။

( ခွင့်လွှတ်နော် အမိုး )

လောက ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေက သမီးရဲ့ အပြုအမူ လုပ်ရပ်ကြောင့် ပြစ်တင်ကဲ့ရဲ့ ရှုတ်ချပြောဆိုကြလို့ သမီးစိတ်ညစ် ဝမ်းနည်း မျက်ရည်လည်တဲ့အခါ အမိုးကို ရင်ဖွင့်မိတယ်။ အမိုးရဲ့ အပြုံးနဲ့ တုန့်ပြန်စကားက "ဖိုးမူ အမိုး ဖိုးမူအတွက် အမြဲဆုတောင်းပေးတယ်။ ဘာမှ စိတ်မညစ်နဲ့ စိတ် မထိခိုက်နဲ့ ဘုရားသခင်ဟာ ဖိုးမူအတွက် အကောင်းဆုံး ရွေးချယ် ပြင်ဆင်ထားပြီးသားဖြစ်တယ်" တဲ့။ အမိုးရဲ့ ဆုတောင်း အားပေး စကားကြောင့် သမီး ယနေ့ထိတိုင်အောင် ရပ်တည်နိုင်ခဲ့တာပါ။ ဘယ်သူမှ သမီးကို အမိုးလောက် နားလည်ပြီး အားမပေးကြဘူးနော်။

(ကျေးဇူးတင်တယ် အမိုး။)

စင်ကာပူမှာ ကိုယ့်လုပ်အားခနဲ့ တန်ရာငွေ ဒေါ်လာ ထောင်ချီပြီး ရနေ ပေမဲ့လဲ၊ အပါး ရဲ့ ရယူလိုခြင်းကင်းပြီး၊ အခမဲ့ သက်သက် ပေးခဲ့တဲ့ မုန့်ဖိုးငွေ တစ်ထောင်ကျပ်နဲ့ မလဲနိုင်ဘူး အပါး။ သမီး ကြိုက်တတ်တဲ့ ဆီချက်ခေါက်ဆွဲကို အလုပ်ကအပြန်မှာ သမီး စားစေချင်တဲ့စိတ်နဲ့ ဝယ်လာပေးတဲ့ အပါးရဲ့ မေတ္တာ ဆီချက်ခေါက်ဆွဲဟာလည်း စင်ကာပူမှာရှိတဲ့ အဖိုးတန် အစား အသောက်တွေနဲ့ လုံးဝမလဲနိုင်ဘူး အပါး။

ဘဝ လောကဓံ အသိစိတ် ဝန်းကျင်တွေကလဲ သမီးကို ပြောင်းလဲသွားစေတာလား၊ သမီးကဘဲ ပြောင်းလဲ သွားတာလား။ သေချာတာကတော့ … အမိုးနဲ့ အပါးတို့ရဲ့ သမီးအပေါ် မပြောင်းလဲဘဲ အမြဲ မဆုံးနိုင်သော ချစ်မေတ္တာတွေပါဘဲ။ ။

( မိခင်များနေ့နှင့် ဖခင်များနေ့တွင် ၁၂၈ ခုမြောက်သော ဆာလံ အားဖြင့် မိဘများအား ဂုဏ်ပြုလိုက်ပါတယ်။ )

**ထာဝရဘုရားကို ကြောက်ရွံ့၍ လမ်းခရီးတော်သို့ လိုက်သွားသမျှသော သူတို့သည် မင်္ဂလာရှိကြ၏ … ထာဝရဘုရားသည် ဇိအုန် တောင်ပေါ်က ကောင်းကြီး ပေးတော်မူ၍ ယေရုရှလင်မြို့ ခံရသော ကောင်းကျိုးကို တစ်သက်လုံး မြင်ရလိမ့်မည်။ မိမိ သားသမီးတို့ ၌ ဘွားမြင်သော သားသမီး တို့ကိုလဲ မြင်ရလိမ့်မည်။ ဆာလံ၁၂၈း၁ ။ ( နန်းခင်ဖြူ )**

---

## ငါတို့၏ကြွလာမည်ဖြစ်သော ဘုရင်ယေရှုခရစ် (ခန့်ခရူး)



**ထာဝရဘုရားသည် ခပ်သိမ်း သောသူတို့ကို တရား စီရင်တော်မူ၍၊ မတရားသော သူတို့သည် မတရားသဖြင့် ပြုသော အမှု အမူရှိသမျှတို့၏ အပြစ်ကိုင်း၊ မတရားသော လူဆိုးတို့သည် ဘုရားသခင်ကို ပြစ်မှား၍ ပြောသော ကြမ်းတမ်းသော စကား ရှိသမျှတို့၏ အပြစ်ကိုင်း ဖေါ်ပြ ခြင်းငှါ၊ အတိုင်းမသိ များစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာ တော်မူလိမ့်မည် ဟုပရောဖက်ပြု၍ ဟောပြောလေ၏ ။**

( ယုဒ၊ ၁း၁၄-၁၅ )

ယေရှု တဖန်ကြွလါမည်။ သခင် ယေရှုက ငါသည်သွား၍ သင်တို့နေ စရာ အရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။ (ယော၊၁၄း၃)၊

သင်တို့နှင့် ခွဲ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှု သည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော် မူသည် နည်းတူ တဖန် ကြွ လာတော်မူလတ္တံ့ (တ၊၁း၁၁)၊

ယေရှု တဖန် ကြွလာသောအခါ ဘာဖြစ်လိမ့်မည်နည်း။ ယုံကြည်သူ၊ မယုံကြည်တို့၌ အဘယ်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။ ကြွလာမည့်အချိန်ကို တဦးတယောက် သိပါသလား။ ကြွလာခြင်းအတွက် ကျွန်ုပ်တို့ အဘယ် ကဲ့သို့ အဆင်သင့် ပြင်ဆင်ကြမည်နည်း။

***ယုံကြည်သူအတွက်ကြွလာခြင်း၊***

ယုံကြည်သူများကို မယုံကြည်သူများနှင့် ခွဲခြားခြင်းငှါ ကြွလာ မည်။

ကြိတ်ဆုံ ကြိတ်သောသူ နှစ်ယောက်တို့ တွင် တယောက်ကို သိမ်းယူ၍ တယောက်မူကား နေရစ်ရလတ္တံ့၊ လယ်၌ ရှိသော သူနှစ်ယောက်တို့တွင် တယောက်ကို သိမ်းယူ၍ တစ်ယောက်မူကား နေရစ်ရလတ္တံ့၊ (လု၊၁၇း၃၅း၃၆)

***ကြွလာခြင်းသည် ရုတ်တရက် ဖြစ်လိမ့်မည်၊***

မမြော်လင့် မထင်မှတ်သော အချိန်၊ တခဏခြင်း၊ မျက်စိတမှိတ်၌ ဖြစ်လိမ့်မည်။

သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦး ထမြောက် ကြလိမ့်မည်၊ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသ ကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်ခြင်းငှါ၊ ထိုသူတို့နှင့်တကွ မိုဃ်းတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်၊ (၁သက်၊၄း၁၆း၁၇)

***ယုံကြည်သူများကိုတရားစီရင်မည်၊***

ကယ်တင်ခြင်း ရပြီးနောက် မိမိတို့၏ အကျင့်များ (အလုပ်)ကို စစ်ဆေးမည်။ ခရစ်တော်၏ တရားပလ္လင်၌ ဖြစ်သည်။ (၂ကော၊၅း၁၀) အချို့သော သူများ ဆုလဒ်များကိုရရှိပြီး၊ အချို့ ရှက်ခြင်းကို ခံရလိမ့်မည်။ ယုံကြည် သူများကို တရားစီရင်ပြီးနောက် သိုးသငယ်၏ မင်္ဂလာဆောင် ညစာ စားပွဲသို့ ဝင်စားကြရပေမည်။ ဤပွဲ၏ လှပခြင်းနှင့် အံ့ဩဘွယ် ဖြစ်ခြင်းကို စာဖြင့် ရေးသား၍ မမှီနိုင်ပါ။ ယုံကြည်သူများသည် ခရစ်တော် ၏ သတို့သမီး ဖြစ်ခြင်းနှင့် သူ့ကိုချစ်လျက် သူ၏ ချစ်ခြင်း မေတ္တာကို တသက်လုံး ထာဝရ ခံစားရပေမည်။

***မယုံကြည်သူများ အဘယ်ကဲ့သို့ ဖြစ်လိမ့်မည်နည်း၊၊***

ယုံကြည်သူများ ခရစ်တော်နှင့်အတူ ကောင်းကင်၌ ရှိနေချိန်တွင် မယုံကြည်သူများသည် ဤမြေပေါ်၌ ကြီးစွာသော ဒုက္ခ ကာလကိုရင်ဆိုင်တွေ့ကြုံရပေမည်။ မကောင်းမှုနှင့် ဆိုးသွမ်းမှုများ ပေါများ လာ မည်။ ကမ္ဘာကြီး၌တခါမျှမကြုံဘူးသောကြောက်မက်ဘွယ်စစ်ပွဲများ၊ အစာ ငတ်ခြင်း ဘေးများ၊ မြေလျှင်လှုပ်ခြင်း များနှင့် ရောဂါဘယ ဘေး များကိုရင်ဆိုင် တွေ့ကြုံရပေမည်။

ဤကာလကို ဘေးဒဏ်ကြီးကာလ ဟုခေါ်ပါသည်။ ဤကာလ၌ အန္တိခရစ်သည် တန်ခိုးကိုရပြီး ဘုရားသခင်နှင့် ခရစ်တော်ကို ဆန့်ကျင်လိမ့်မည်။ ကြီးစွာသောတန်ခိုး၊ နိမိတ်လက္ခဏာများကို ပြပေလိမ့်မည်။



သူ၏တန်ခိုးသည် ဘုရားထံမှ မဟုတ်ဘဲ၊ စာတန် ထံမှ ဖြစ်သည်။ သူ၏ နိမိတ်တန်ခိုးများဖြင့် ကမ္ဘာကြီးတခုလုံးကို ထိန်းချုပ်ပိုင်ဆိုင်ပေလိမ့်မည်။ သူ၏ အမှတ်တံဆိပ် (၆၆၆) မပါလျှင် ရောင်းခြင်း၊ ဝယ်ခြင်းအခွင့် မရပေ။ သူ၏ အမှတ်တဆိပ်ကို ခံယူပြီး၊ သူ့ကိုကိုးကွယ်ရန် တောင်းဆိုပေလိမ့်မည်။ ငြင်းပယ်ပါက အသေသတ်ခြင်းကို ခံရပေမည်။ သို့သော် သူ၏ အမှတ်တံဆိပ် (၆၆၆)ကို ခံယူပြီး၊ သူ့ကို ကိုးကွယ်သူများသည်၊ ငရဲမီးအိုင်၌ မိမိတို့အဘို့ ထာဝရ ခံစားရပေလိမ့်မည်။ (ဗျာ၊၁၄း၉-၁၁)

ခရစ်တော်သည် ကမ္ဘာမြေပေါ်သို့ ကြီးစွာသော တန်ခိုးနှင့် ဘုန်းဖြင့် ပြန်လည် ကြွလာမည်။

သခင်ယေရှုသည် ဘုရား၏ သတ်မှတ်ထားသော အချိန်၌ သန့်ရှင်း သူများနှင့်၄င်း တန်ခိုးကြီးသော ကောင်းကင်တမန် များနှင့်၄င်း ပြန်လာမည်။ ဘုန်းနှင့်၊ တန်ခိုးနှင့် ကြွလာ၍ အန္တိခရစ်နှင့် သူ၏ နောက်လိုက်များကို ဖျက်ဆီးပြီး ဘေးဒဏ်ကြီးကာလကို အဆုံးသတ်ပေလိမ့်မည်။ (၂သက်၊၁း၇-၈) ယေရှုခရစ်တော်သည် ဤမြေပေါ်၌ ဘုရင်အဖြစ် စိုးစံ တော်မူလိမ့်မည်။

အန္တိခရစ်ကို ဖျက်ဆီးပြီးနောက် ခရစ်တော်သည် အနှစ် တစ်ထောင် အုပ်စိုးပြီး၊ ယုံကြည်သူများလည်း သူနှင့်အတူ စိုးစံ ပေလိမ့် မည်။ (ဗျာ၊၅း၁၀၊၂၀း၄) စာတန်ကို အနှစ် တထောင် ချည်နှောင်ပြီး၊ မည်သူကိုမျှ မနှောက်ယှက်ရ။ ဘုရား၏သားတော်သည် ဖြောင့်မတ်စွာ အုပ်ချုပ်ပေလိမ့်မည်။ 'ထာဝရဘုရားသည် တပြည်လုံးတွင် ရှင်ဘုရင် ဖြစ်တော်မူမည်။' (ဇာခရိ၊၁၄း၉) 'မြေကြီးသားတို့ကို တရားသဖြင့် စီရင် တော်မူ၏။ လူမျိုးတို့အား ဖြောင့်မတ်စွာသော စီရင်ခြင်းကို ပြုတော်မူ၏။' (ဆာ၊၉း၈)။ စစ်ဘေးမရှိ၊ အငတ်ဘေးမရှိ၊ ရောဂါဘေး မရှိ။ လူအားလုံး ငြိမ်းအေးခြင်းနှင့် သင့်တင့်အဆင်ပြေစွာ နေကြရလိမ့်မည်။ တိရစ္ဆာန် များ လည်း ပြောင်းလဲ၍ ကြီးနိုင်ငယ်ညှင်း မရှိတော့ပေ။ သူငယ်များအား ထာဝရဘုရား၏ အကြောင်းကို သင်ပေးလိမ့်မည်။ မြေကြီးတပြင်လုံး ခရစ်တော်သည် ဘုရင်ဖြစ်ကြောင်းကို အကြီးဆုံးမှ အငယ်ဆုံးတိုင် သိကြပေလိမ့်မည်။ (ဟေရှာ၊၁၁း၉)

အနှစ်တထောင် ပြီးနောက် စာတန်သည် တခဏ လွှတ်ခြင်း ခံရပြီး လူများကို တဖန် လှည့်ဖြားပေဦးမည်။ တကြိမ်ထပ်မံ၍ စာတန်နှင့် နောက်လိုက်များသည် ဘုရားသခင်နှင့် သားတော်ယေရှုခရစ်ကို ပုန်ကန်ကြလိမ့်မည်။ ဤတကြိမ်၌ ကောင်းကင်မှ မီးကျ၍ ရန်သူများကို ဖျက်ဆီးပြီး၊ စာတန်ကို ငရဲမီးအိုင်ထဲသို့ အပြီးအပိုင် ချပစ်ပေလိမ့်မည်။ နောက်တဖန် ဘယ်သောအခါမျှ လှည့်ဖြားခြင်းနှင့် ဘေးဒုက္ခ မပေးနိုင်တော့ပေ။

သူတို့ကို လှည့်ဖြားသော မာရ်နတ်ကိုလည်း၊ သားရဲနှင့် မိစ္ဆာ ပရောဖက်ရှိရာ၊ ကန့်နှင့် ရောနှောသော မီးအိုင်ထဲသို့ ချပစ်လျှင်၊ သူတို့သည် နေ့ညမပြတ် ကမ္ဘာ အဆက်ဆက် ပြင်းစွာသော ဝေဒနာကို ခံရကြလတ္တံ့၊ (ဗျာ၊၂၀း၁၀)

မယုံကြည်သူများ တရားစီရင်ခြင်း ခံရကြပေလိမ့်မည်။

စာတန်ကို ငရဲမီးအိုင်ထဲ ချပြီးနောက် သေလွန်ပြီးသော၊ မတရားသော မြေကြီးသားအပေါင်းတို့ သည် တရားစီရင်ခြင်းကို ခံရကြမည်။ ဖြူသော ပလ္လင်ကြီး၌ တရားစီရင်ခြင်းကို ခံရမည်။ တရားသူကြီးသည် ခရစ်တော်ပင် ဖြစ်သည်။ ခမည်းတော်သည် တရားစီရင်ခြင်း ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။ သားတော်ကို ကယ်တင်ရှင်အဖြစ် ငြင်းပယ်သော သူသည် ဤအချိန်၌ ခရစ်တော်ကို တရားသူကြီး အဖြစ်နှင့် ရင်ဆိုင်ရပေ လိမ့်မည်။ သူတို့၏ အကျင့်အတိုင်း စီရင်ခြင်းကို ခံရမည်။ အချို့ ပြင်းစွာ အပြစ်ပေးခြင်းကို ခံရမည်။ (လု၊၁၂း၄၇-၄၈)

အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့သည်လည်း၊ မီးအိုင်ထဲသို့ ချပစ်လေ၏၊ (ဗျာ၊၂၀း၁၅)၊

***ကောင်းကင်သစ်နှင့်မြေကြီးသစ်၊***

ပလ္လင်ဖြူ တရားစီရင်ခြင်းပြီး၍ ကမ္ဘာဟောင်းကို မီးနှင့် ဖျက်ဆီးပြီးသောအခါ ဘုရားသခင်သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုဖန်ဆင်း ပေမည်။ ဘယ်သောအခါမျှ အပြစ် မရှိတော့ပေ။ ယုံကြည်သူများသည် သခင်ယေရှုနှင့်အတူကောင်းကင်၌ ထာဝစဉ် အတူရှိပေလိမ့်မည်။ ယေရှုသည် ဧကန်အမှန်၊ တဖန်အမြန် ပြန်ကြွလာမည်။ အဘယ်ကဲ့သို့ သိနိုင်မည်နည်း။ ပြန်ကြွလာခြင်းနှင့် ပတ်သက်၍ ကျမ်းစာ၌ နိမိတ်လက္ခဏာ များပေးထားပါသည်။ ကြွမလာခင် စစ်ဘေးများ၊ ငလျှင်လှုပ်ခြင်းများ၊ ငတ်မွတ်ခြင်းများနှင့် ရောဂါဘေးများ ပေါများမည်။ မ တရားမှုများနှင့် ဆိုးသွမ်းမှုများပြားလာမည်။ ဂျူးလူမျိုးများ နိုင်ငံ ပြန်လည်ရရှိပြီး ဂျေရုဆလင်မြို့ကို ပြန်လည် ပိုင်ဆိုင်မည်။ (မ၊၂၄ နှင့် လု၊၂၁)။ ဤအရာများ ယခု ပြည့်စုံလာခြင်းဖြင့် ယေရှုတဖန် အမြန် ပြန်ကြွလာမည်ဖြစ်ကြောင်းကို သိနိုင်ပါသည်။

တစ်စုံတစ်ဦးသည် ပြန်ကြွလာမည့် အချိန်ကို အတိအကျ သိနိုင် ပါသလား။ 'ထို အချိန် နာရီ ကိုကား အဘယ်သူမျှ မသိ'(မ၊၂၄း၃၆)

သခင်ယေရှု ပြန်လာမည့်အချိန်ကို မသိရသောကြောင့် ကြွလာခြင်း ဆိုင်ရာ အမှန်တရား များကိုကျမ်းစာက ပေးထားပါသည်။

<u>၁။အချိန်တိုင်း၊ နာရီတိုင်း ဖြစ်နိုင်သည်။</u>

ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက် နေကြလော့၊ အကြောင်းမူကား သင်တို့ မထင်မမှတ်သော အချိန်နာရီ၌ လူသားသည် ကြွလာလိမ့်မည်၊ (မ၊၂၄း၄၄)

<u>၂။ချက်ခြင်း ဖြစ်လာနိုင်သည်။</u>

ယုံကြည်သူအတွက် ကြွလာခြင်းသည် ရုတ်တရက် အဖြစ်အပျက် ဖြစ်သည်။ ကျမ်းစာက 'မျက်စိတမှိတ်' ဟုပြောထားသည်။ (၁ကော၊ ၁၅း၅၂)

<u>၃။အမှန် ကယ်တင်ခြင်းသို့ ရောက်သောသူများအတွက် သာလျှင် ဖြစ်သည်။</u>

'ခရစ်တော်၌' ရှိသောသူသာလျှင် သခင်ဘုရား ထံတော်ရှိရာ မိုးတိမ် ပေါ်သို့ ချီဆောင်ခြင်း ခံရမည်။(၁သက်၊၄း၁၆-၁၇)

<u>ကျွန်ုပ်တို့ မည်ကဲ့သို့ အဆင်သင့် ပြင်ဆင်လျှက် နေရမည်နည်း။</u>

ကြွလာခြင်းသည် ရုတ်ချည်း အဖြစ်အပျက် ဖြစ်သောကြောင့် မည်သို့ အဆင်သင့် ပြင်ဆင်လျှက် နေရမည်ဟူသော မေးခွန်းသည် အရေးကြီး ပေသည်။

၁။ကယ်တင်ခြင်းသို့ ရောက်ပြီးသူ ဖြစ်ရမည်။

ခရစ်တော် ပြန်လာသိမ်းဆည်းသောအချိန်၌သာ အသင့် ပြင်ဆင်လျှင် အလွန်နောက်ကျ ပေပြီး။ သင်၏နာမည်သည် အသင်းတော်စာရင်း၌ နာမည်ရှိသော်လည်း ကောင်းကင်စာရင်းတွင် နာမည် မရှိသောကြောင့် သင်သည် အသစ်တဖန် မွေးခြင်းကို မခံရခဲ့သော် ခရစ်တော် ပြန်လာသိမ်းဆည်းချိန်၌ ကျန်ရစ်ခဲ့ပေမည်။

၂။ အသင့် စောင့်လျှက် နေကြရမည်။

**သင်တို့အရှင်သည် အဘယ်အချိန်နာရီ၌ ရောက်လာမည်ကို သင်တို့ မသိသောကြောင့် စောင့်နေကြလော့၊ (မ၊၂၄း၄၂)**

ဘုရား၏ နှုတ်ကပတ်တော်ကို နာခံပါ။ ဘုရားက လုပ်ပါ ဟုပြောလျှင် ပြုလုပ်ပါ။ အပြစ်ကိုဝန်ချ၍ နောက်လှည့်ပါ။ သူတပါးအား ပြစ်မှားခဲ့သော် အပြစ်ကို တောင်းပန်ပါ။ သူတပါးအား မုန်းပြီး အပြစ်ချည်နှောင် ထားလျှင် ထိုသူထံသို့သွား၍ ပြေလည်အောင် ပြုလုပ်ပါ။ ဘုရားက လုပ်ပါ ဟု ပြောသမျှ ပြုလုပ်ခြင်းသည် အသင့် စောင့်လျှက် နေခြင်း ဖြစ်သည်။

၃။ခရစ်တော်၌ တည်လျှက် နေရမည်။

**ချစ်သားတို့ သားတော်သည် ထင်ရှား ပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် အထံတော်သို့ ရောက်လျှင်၊ ရဲရင့်ရသော အခွင့်ရှိ၍ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်မည် အကြောင်း သားတော်၌ တည်နေကြလော့၊ (၁ယော၊၂း၂၈)**

ခရစ်တော်၌ တည်ခြင်းသည် သူ၌ အဆက်မပြတ် မိတ်သဟာယ ရှိခြင်း ဖြစ်သည်။

သင်သည် အသင့် ဖြစ်ပြီလား။

ယေရှု ကြွလာချိန်၌ သင်သည် သူ့ကို ကယ်တင်ရှင်အဖြစ် တွေ့ဆုံမည်လော။ (သို့) ပလ္လင်ဖြူကြီး၌ တရား သူကြီးအဖြစ်နှင့် ရင်ဆိုင်မည်လော။ သင်သည် အပြစ်များကို နောင်တ မရလျှင်၊ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံခြင်း မရှိသေး ကြောင်း၊ ဖြစ်နိုင်ပါသည်။ သင်သည် ကယ်တင်ခြင်းသို့ ရောက်ကြောင်း သူတပါးသည် သင့်ကို ထင်သော်လည်း၊ သင်သည် ကိုယ်တိုင်ပျောက်ဆုံး နေကြောင်းကို သိပြီး၊ ဘုရားသခင်လည်း သိတော်မူ၏။

သင်သည် အစဉ်အမြဲ ပျောက်ဆုံးနေဘို့ရန် ဘုရားသခင် အလိုတော် မရှိပေ။ ယေရှုသည် သင့်အပြစ်အတွက် အသေခံပေးခဲ့ပြီ။ သူသည် သင့်အား သူ့ထံသို့ လာရန် ဖိတ်ခေါ်လျှက် ရှိပါသည်။ သင်၏ နှလုံးသား တံခါးကို ဖွင့်လျှက် သူ့အား ကယ်တင်ရှင်အဖြစ် လက်ခံပါက ခရစ်တော် ပြန်ကြွလာချိန်၌ သူနှင့် တွေ့ဆုံရန် အဆင်သင့် ဖြစ်ပေမည်။

ဤဆုတောင်းချက်က သင့်ကိုကူညီပါလိမ့်မည်။

**သခင်ယေရှု ဘုရား၊၊ ကျွန်ုပ်သည်အ ပြစ်သားဖြစ်ကြောင်းကို သိပါ၏၊ ကျွန်ုပ်၏ အပြစ်အတွက် အမှန် ဝမ်းနည်းပါ၏၊ ကျွန်ုပ်ကိုချစ်လျက်၊၊ ကျွန်ုပ်အပြစ် အတွက် အသေခံခဲ့ခြင်းအတွက် ကျေးဇူးတင်ပါသည်၊ ကိုယ်တော် ကြွလာချိန်၌ အကျွန်ုပ် အသင့်ဖြစ်ချင်ပါသည်၊ ကျေးဇူးပြု၍ ယခုပင် အကျွန်ုပ်၏ နှလုံးထဲသို့ ဝင်လာ၍ ကျွန်ုပ်၏ ကယ်တင်ရှင် အဖြစ် အုပ်စိုးတော်မူပါ၊ ယေရှု၏ နာမ၌ ဆုတောင်း ပါ၏၊ အာမင်၊၊**

ယေရှု အမြန် ကြွလာတော်မူမည်။ ကျွန်ုပ်တို့သည် အသင့် ဖြစ်ရပေမည်။ ။ **( အစ်ခရူး )**

---

## သက်သေခံချက် (ချားလ်ရစ်မာ)

ကျွန်မတို့ ယုံကြည်ကိုးကွယ်နေတဲ့ ထာဝရ အသက်ရှင်တဲ့ ဘုရားသခင်ဟာ တကယ်ဘဲ ကောင်းမြတ်ပါတယ်။ ကျွန်မရဲ့ အသက်တာ တစ်လျှောက်လုံးမှာ ဘုရားရှင်ရဲ့ကောင်းမြတ်မှု ဘုရားရှင်ထံမှ ရရှိခံစားရတဲ့ ဆုကျေးဇူးတွေကို ရေတွက် ချီးမွမ်းလို့ မကုန်နိုင်ပါဘူး။ အဲဒီ အထဲမှာမှ တစ်ခုသော အကြောင်းလေးကို ကျွန်မ သက်သေခံချင်ပါတယ်။

လွန်ခဲ့တဲ့ လေးနှစ် ကျော်ကျော် လောက်တုံးက ကျွန်မ စင်ကာပူ နိုင်ငံမှာ လာရောက် အလုပ်လုပ်ကိုင်နိုင်ဖို့ ဘုရားသခင်ဆီမှာ ဆုတောင်း ခဲ့ပါတယ်။ တောင်းတဲ့ အတိုင်းဘဲ ဘုရားသခင်က ပေးသနား ခဲ့ပါတယ်။ ဒါပေမဲ့ တိတိကျကျ မတောင်းတဲ့အတွက် မယုံကြည်သူ မိသားစု အိမ်မှာ အလုပ် လုပ်ခဲ့ရပါတယ်။ မောက်မာကြမ်းတမ်းတဲ့ အပြောအဆိုတွေ ခံခဲ့ရပါတယ်။ မျက်ရည်ကျလျှက် အလုပ်လုပ်ခဲ့ရပါတယ်။ ယုံကြည်ခြင်း မတူတော့ ခံယူချက်တွေလဲ မတူပါဘူး။ အဲဒီအိမ်မှာ ကျွန်မနဲ့ အနီးစပ်ဆုံးသူကတော့ ကျွန်မရဲ့ အလုပ်ရှင် ဆရာမပါဘဲ။ သူဟာ ဒူးနဲ့ လက် တစ်ဘက်မှာ ခွဲစိတ်ကုသမှု ပြုလုပ် ခံထားရတဲ့အတွက် အိမ်မှာ အမြဲလိုလို ရှိနေပြီး အမြဲ ဆူပူကြိမ်းမောင်း နေတတ်ပါတယ်။

အခု နောက်ပိုင်းမှာ မြန်မာပြည်က ကျွန်မတို့ မိသားစု စားဝတ်နေရေး အရ ကျွန်မရဲ့ ညီမလေးလည်း စင်ကာပူကို လာပြီး အလုပ်လုပ် ရမယ်လို့ အမေက ပြောတဲ့အခါ ကျွန်မရဲ့ ညီမလေးကို စင်ကာပူ မှာ လုံးဝ အလုပ် လာမလုပ်စေချင်ပါဘူး။ ကျွန်မလို ဒုက္ခ အခက်အခဲမျိုး၊ ကြမ်းတမ်း မောက်မာမှုမျိုး သူ့ကို မခံစားစေချင်ပါဘူး။ ဖြစ်နိုင်ရင် ကျောင်းဘဲ ဆက်တက် စေချင်ပါတယ်။ မေမေက ပြောပါတယ်။ ညီမလေး စင်ကာပူမှာ အလုပ်လာ လုပ်မှာကို သမီး ဝမ်းသာပါတဲ့။ ကျွန်မ ဝမ်းသာပါတယ်။ အားလဲ ရှိပါတယ်။ အဲဒါကြောင့် သူ့အတွက် ပတ်စ်ပို့ မလုပ်ခင်ကတည်းက အဆင်ပြေဖို့ စဆုတောင်းခဲ့ပါတယ်။ ဘုရားသခင် ညီမလေးကို စင်ကာပူမှာ အလုပ် လာလုပ်ဖို့ အလိုတော် ရှိရင် သူ့အပေါ်နားလည် တတ်ပြီး မိသားစုဝင် လုဦးရေ နည်းတဲ့ ယုံကြည်သူ မိသားစု အိမ်မှာ အလုပ်လုပ်ခွင့် ပေးပါလို့ အမြဲ ဆုတောင်းပေးခဲ့ပါတယ်။ ဖေဖေနဲ့ မေမေကလည်း ဆုတောင်းတိုင်း ဒီကိစ္စကို အထူး ဆုတောင်း ပေးပါတယ်။ သူ့ ပတ်စ်ပို့ စာအုပ် စရပြီး စင်ကာပူကို ရောက်လာလို့ ပွဲစားအိမ်မှာ ၇ရက် နေရတဲ့ အတောအတွင်း ကျွန်မရဲ့ စိတ်တွေ သူ့အတွက် ပူလောင်နေဆဲပါဘဲ။ နောက်ဆုံး သူ အလုပ်လုပ်ခွင့် စာမေးပွဲ အောင်သွားပြီး အလုပ်ရှင်အိမ်ကို ရောက်သွားတော့ ကျွန်မဆီ စာရေးပါတယ်။ သူ့အိမ်ရှင် ဆရာမနဲ့ မိသားစု အားလုံးက သူ့အပေါ် တကယ် ကောင်းတဲ့သူတွေ ဖြစ်ကြောင်း မိသားစု သုံးယောက်သာရှိပြီး (အထူးသဖြင့် ကျွန်မ တောင်းတဲ့ဆု) ခရစ်တော်ကို ယုံကြည်သက်ဝင်တဲ့ ယုံကြည်သူ အိမ်ထောင် မိသားစု ဖြစ်ကြောင်း သိရတော့ ကျွန်မ ဘုရားသခင်ကို ကျေးဇူး မတင်ဘဲ မနေနိုင်တော့ပါဘူး။ ဘုရားသခင်ဟာ တောင်းတဲ့အတိုင်း တိတိကျကျ ပေးတဲ့ ဘုရားဖြစ်ကြောင်း ကျွန်မ အံ့သြစွာ သိရှိရပါတယ်။ ဒီအမှုကိစ္စ အလုံးစုံဟာ ဘုရားသခင် ပြင်ဆင် ပေးသနားလို့သာ ဖြစ်ကြောင်း သိရပါတယ်။ မျက်ရည်ပေါက်ပေါက် ကျလာပြီး "ကိုယ်တော့်ကို အရမ်း ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတွေ ကြီးမားလှပါတယ် " လို့ ဆုတောင်းရင်း တစ်နေ့ကျရင် ဒီအဖြစ်အပျက်လေးကို သက်သေခံမယ်လို့ သံမိဌာန် ချမိပါတယ်။ အခုဆိုရင် ညီမလေး စင်ကာပူရောက်နေတာ မေလ ၁၄ ရက် နေ့ကတည်းက ဆို ၁၀ လ ရှိနေပြီလေ။

ကျမ်းစာထဲမှာ ဆုတောင်းခြင်းနဲ့ ပါတ်သက်တဲ့ ကတိတော်တွေ အများကြီး ရှိပါတယ်။ ယောဟန် ၁၆း၂၄ မှာ **ယခုတိုင်အောင် ငါ၏ နာမကို အမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး၊ သင်တို့သည် ဝမ်း မြောက်ခြင်း အကြောင်း စုံလင်စေခြင်းငှာ တောင်းကြလော့ ထိုသို့တောင်းလျှင် ရကြလိမ့်မည်၊၊** လို့ ဘုရားသခင် ကကိ ပေးထားပါတယ်။ သူ့ရဲ့ မကုန်ခမ်းနိုင်တဲ့ ဆုကျေးဇူးတွေဟာ အံ့သြဘွယ် ကောင်းလှပါတယ်။ အဲဒီ ဆုကျေးဇူး ကောင်းကြီး မင်္ဂလာတွေကို သူချစ်တဲ့ သားသမီး တွေကို အစဉ် ထာဝရ ပေးလျှက် ရှိကြောင်း သက်သေခံလိုက်ပါတယ်။ ။

**( ချားလ်ရစ်မာ )**

---

## ကျွန်တော်နှင့်မျက်ရည် ( မင်းအောင်သက်လွင် )

အခန်း (၁)



ဆူဆူညံညံ အသံတွေကြောင့် မျက်စိမှိတ်ပြီး မှိန်းနေရာ ကနေ ကျွန်တော် မျက်လုံး ဖွင့်ပြီး ကြည့်လိုက်မိပါတယ်။ မျက်နှာကျက် ဖြူညစ်ညစ် အပေါ်မှာ ခပ်နှေးနှေး ကြိတ်ပြီး လည်နေတဲ့ ပင့်ကူမျှင် အထပ်ထပ်နဲ့ ရှေးဟောင်း ပန်ကာကြီး တစ်လုံးကို စမြင် လိုက်ရပါတယ်။ အကြည့်ကို တဖြည်း ဖြည်း နေရာ အနှံ့ ဖြန့်ကျက်မိတော့ ကျွန်တော့် ကုတင်နဲ့ မနီးမဝေးမှာ ထမီ အနီဝတ် သူနာပြု ဆရာမတစ်ဦး။

“ဆရာမ ဘာဖြစ်တာလဲ” “ထုံးစံအတိုင်းပေါ့ရှင် သွေးလှူရှင်နဲ့ သွေးအလှူ ခံတဲ့ပုဂ္ဂိုလ် ဈေးမတည့်လို့ စကားများနေကြတာပေါ့” ဆရာမ စကားကို ကျွန်တော် သိပ်နားမရှင်းလို့ မျက်လုံးကြီး ပြူးပြီး ပြန်ကြည့်နေမိတော့ ဆရာမက ဆက်ပြီး “ကိုအတာကြီး သောင်းကျန်းနေတာရှင့်၊ သူလှူတဲ့ သွေးတစ်ပုလင်းကို သွေးလိုတဲ့ လူနာရှင်က ကြိုက်ဈေး မပေးလို့ဆိုပြီး ဆူဆူပူပူ လုပ်နေတာလေ။ သူက အမြဲတန်း အဲဒီလိုဘဲ၊ သွေးလှူတာ စေတနာ သန့်သန့်နဲ့ လှူတာ မဟုတ်ဘူး။ အသပြာ သွေး အလှူရှင် စစ်စစ်က သူဘဲ”ဆရာမလေးက မဲ့ကာရွဲ့ကာနဲ့ ပြောတော့ ကျွန်တော်လဲ တော်တော် ခံပြင်းသွားမိပါတယ်။ ကိုအတာကြီး ဆိုတာ ဘယ်သူလဲလို့ သိချင်စိတ် ပြင်းပြလာပါတယ်။ ခေါင်းတစ်ချက်ထောင်ကြည့်လိုက်တော့ ဆရာမလေးက “ဟာ မလှုပ်နဲ့လေ အစ်ကို၊ ငြိမ်ငြိမ်နေပါ။ မပြီးသေးဘူးရှင့်” လို့ပြောရှာပါတယ်။ ဟုတ်ပ့ါ၊ ကျွန်တော့် ကိုယ်မှာလဲ သွေးပုလင်း တန်းလန်း ပိုက်တန်းလန်း ဖြစ်နေတော့ လှုပ်လို့မရဘူးလေ။ ဒီနေ့မှဘဲ သွေးက အစီး နှေးနေသလိုဘဲ။ ကိုယ်ထဲက ထွက်လာတဲ့သွေးတွေ ပုလင်းထဲ မြန်မြန် ပြည့်သွားရင် ကိုအတာကြီး ဆိုတာ ဘယ်သူလဲလို့ ပြေးကြည့်ချင်စိတ်တွေ ပေါ်လာနေလို့ပေ့ါ။ ဟော ပြောပြောဆိုဆို ကို အတာကြီး ဆိုတဲ့လူ ကျွန်တော့် အခန်းရှေ့မှာ ရပ်ပြီး အော်ကြီး ဟစ်ကျယ် ပြောနေတာကို မျက်ဝါးထင်ထင် တွေ့လိုက်ရပါတယ်။ “မလိုချင်ဘူးဗျာ ကျုပ် လိုချင်တဲ့ ဈေး မပေးရင် နောက် ဘယ်တော့မှ သွေးလှူပေးပါအုံး၊ သွေးအရေးပေါ် လိုနေလို့ပါဆိုတဲ့ စကား လာမပြောနဲ့” ဩော် လတ်စသတ်တော့ ဒေါန့်မောန့် ငွေတောင်းနေတဲ့ သူက ခုနလေးတင် ကျွန်တော့် ကုတင်ဘေးနားမှာ ကျွန်တော်နဲ့ ကုတင်ချင်း ကပ်လျက် ရင်ပေါင်တန်း အိပ်ပြီး သွေးလှူသွားတဲ့ သွေးလှူရှင် တစ်ယောက်ဘဲ။ ကျွန်တော် သွေးလာလှူတိုင်း သူနဲ့ နှစ်ခါလောက် ဆုံဖူးထားတော့ နာမည် မသိလေမဲ့ မျက်မှန်း တန်းမိနေတာ ကြာခဲ့ပြီ။ ဒီနေ့မှ သူသွေးလှူတာ အခမဲ့ စေတနာနဲ့ အလကား လှူတာမဟုတ်ဘဲ အသပြာနဲ့ စီးပွားဖြစ် လှူနေမှန်း သိရတော့တယ်။ စိတ်ထဲမှာ မကောင်းမိသလို ရင်ထဲမှာလဲ ဒေါသက ထောင်းကနဲ ထွက်သွားပါတယ်။ “လူနာရှင်က သနားစရာပါ။ သားလေး တစ်ယောက်တည်း မွေးထားတာ ငယ်ငယ်ရွယ်ရွယ်နဲ့ နှာခေါင်း သွေးယိုရာက ဆေးရုံတင်တော့မှ သွေးကင်ဆာ ဖြစ်နေမှန်း သိရတဲ့ မိသားစုပေ့ါ။ သွေးက သောက်သောက်လဲ လိုတယ်လေ။ သွေးသွင်းတိုင်း သွေးလှူရှင် လိုက်ရှာရတာလဲ တစ်ဒုက္ခ၊ သွေးတွေကလဲ အရင်ကလို အလကား မရတော့ဘူး။ ငွေနဲ့ ပြန်ဝယ်နေရတော့ ငွေမတတ်နိုင်တဲ့ ဆင်းရဲသား၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ မိသားစု ဖြစ်နေတော့ ဒုက္ခတွေ့တော့တာပေ့ါ။ အဲဒါ ကိုအတာကြီးက သူလိုချင်တဲ့ ဈေးမပေးလို့ နောက်တစ်ခါ သွေးလုံးဝ မလှူတော့ဘူးဆိုပြီး ရန်ဖြစ်နေကြ တာလေ” ဆရာမ စကားဆုံးတော့ ကျွန်တော် ဒေါသ ဖြစ်လိုက်တာ ပြောမနေပါနဲ့တော့။ အခုချက်ခြင်း ကုတင် ပေါ်က ဆင်း၊ ကိုအတာကြီး ဆိုတဲ့သူကို မျက်နှာချင်းဆိုင်၊ လက်ညှိုးငေါက်ငေါက် ထိုးပြီး အပြစ်တင် စကား တစ်ခုခု ပြောလိုက်ချင်စိတ် ပေါက်လာမိတယ်။ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင် ကိုက အခု အချိန်မှာ သွေးပိုက်တန်းလန်း၊ ဆေးထိုးအပ် တန်းလန်း၊ သွေးပုလင်း တန်းလန်းနဲ့ ကုတင်ပေါ်မှာ သွေးလှူတာ သွေးဖောက်လက်စ တစ်ဝက်တစ်ပျက် တန်းလန်းကြီး ဖြစ်နေတော့ ဘာမှ လုပ်လို့မရဘူး။ ဒီလို နေ့မျိုးမှ ကိုယ်ခန္ဓာထဲက သွေးထွက်နှုန်း ပိုနှေးနေသလို ခံစားမိပြန်သလို သွေးပုလင်းကလဲ ပြည့်ခဲ လိုက်တာလို့ ထင်နေမိပါတော့တယ်။

ရန်ပွဲ စဲသွားလို့ ထင်ပါရဲ့ အသံဗလံတွေ တိတ်သွားချိန်မှ ကျွန်တော့် သွေးပုလင်းကလဲ ပြည့်သွားတာမို့ ကုတင်ပေါ်က ချက်ခြင်း ထလိုက်ချိန်မှာ ဆရာဝန်က “သွေးဖောက် ပြီးပြီးချင်း ချက်ချင်း မထရဘူး။ ကုတင် ပေါ် ၁၅ မိနစ်လောက် မှိန်းနေပါ ” လို့ လှမ်းသတိပေးပါတယ်။ သွေးလှူခဲ့တာ အကြိမ် အရေအတွက် မနည်းတော့တာမို့ ဒီအချက်ကို ကျွန်တော် သိထားပေမဲ့ ကိုအတာကြီး ကို တွေ့ချင်နေတာမို့ ဖြုန်းကနဲ ထလိုက်မိတာပါ။ ဆရာဝန် ကျေနပ်အောင် ၅မိနစ်လောက် မှိန်းနေလိုက်ပြီးတော့ သွေးလှူစာအုပ်ထဲမှာ ဆရာဝန် လက်မှတ်ထိုးပေးလိုက်တာနဲ့ သွေးလှူခန်းထဲကနေ ကျွန်တော် ကသောကမျော ပြေးထွက်လာခဲ့မိပါတယ်။ ကိုအတာကြီးရဲ့ အရိပ်အယောင်ကို လုံးဝ မမြင်ရတော့ပါ။

<u>အခန်း (၂)</u> မဂ္ဂဇင်း စာအုပ်ထဲမှာ ကျွန်တော် ရေးထားတဲ့ ကဗျာတစ်ပုဒ် ပါလာတဲ့အတွက် စာမူခ ထုတ်ဖို့ အယ်ဒီတာ ချိန်းတဲ့နေရာက အပြန်မှာ မဂ္ဂဇင်းတိုက် တည်နေရာ ရပ်ကွက်ရဲ့ လမ်းဆုံ လက်ဖက်ရည်ဆိုင်ထဲက ခပ်သုတ်သုတ် ထွက်လာတဲ့ လူတစ်ယောက်ကို အမှတ်မထင် မြင်ဖူးသလိုလို ရှိတာမို့ သတိထား ကြည့်လိုက်မိတဲ့အခါ “ဟာ သွေးလှူရှင် ကိုအတာကြီး ပါလား” တိုက်တိုက်ဆိုင်ဆိုင် တွေ့ချင်နေတဲ့သူ၊ အထူးသဖြင့် ကိုယ်ချင်းစာ တရား မရှိဘဲ ဆင်းရဲသား လူနာရှင်ဆီကနေ မတရား မတန်မဆ အခကြေး ငွေ ယူပြီး သွေးလှူတဲ့ သူကို တစ်ခုခု နာအောင် အပြစ်တင်ဖို့ အခန့်သင့် တွေ့လိုက်ရတာမို့ ကျွန်တော် စိတ်ထဲက ဝမ်းသာ သွားမိသလို ဒေါသတွေလဲ အလိပ်လိုက် ထွက်လာပါတော့တယ်။ နောက်ကနေ မပြေးရုံ တမယ် အမှီလိုက်လာခဲ့ရာက သူနေတဲ့ ရပ်ကွက်ထဲမှာမို့ ဘယ်က ဘယ်လို စကားရှာပြီး ရန်တွေ့ရမလဲ ဆိုတာ စဉ်းစားနေတုံးမှာ ရှေ့က သွားနေတဲ့ ကိုအတာကြီးက ဝါးလုံးတွေကို ခပ်ကျဲကျဲ ကာထားတဲ့ ခြံဝိုင်းထဲ ဝင်သွားပါတယ်။ ပေ ၈၀ လောက်ကျယ်တဲ့ ခြံဝိုင်းထဲက ဓနိမိုး ဝါးထရံကာ တဲအိမ် လေးငါးလုံးကို ပူးပူကပ်ကပ် ဆောက်ထားတဲ့ တဲတွေ ထဲက အစုတ်ဆုံး တဲထဲကို ကိုအတာကြီး ဝင်သွားတာမို့ ကျွန်တော် တဲထဲ လိုက် မဝင်ဘဲ တဲအဝ ကနေ အထဲကို လှမ်းကြည့်လိုက်ပါတယ်။

“အမေ သားပြန်လာပြီ” လို့ ကိုအတာကြီးက သူ့အသံသြသြကြီးနဲ့ ပြောလိုက်တဲ့အခါ တဲထဲက ဖျာစုတ်ပေါ် အိပ်နေတဲ့ အသက် ၇၀ကျော် အမယ်အိုကြီး လှဲနေရာက တဖြည်းဖြည်းချင်း ထလာပါတယ်။ ကိုအတာကြီးက အမယ်အိုကြီးနား ပုဆစ်တုတ် ထိုင်ချလိုက်ပြီး လက်ဖက်ရည်ဆိုင်က ဝယ်လာဟန် တူတဲ့ နွားနို့ ပူပူကို ခွက်ထဲ လောင်းထည့်ပြီး အမယ်အိုကြီးကို တရိုတသေ ကမ်းပေးလိုက်ပါတယ်။ “ဟဲ့ သား ကိုအတာ မင်း ခွက်ထဲက ဘာလဲ သားရဲ့” “နွားနို့ပါ အမေ” “ဟင် ဒါဆို အမေမှာတဲ့ ဆန်ပြုတ် ပါမလာခဲ့ဘူးပေ့ါ ” “ဟိုလေ အဲဒါ သား ဟို – သွားဝယ်ပါသေးတယ် အမေ၊ ဒါပေမဲ့ ဟိုလေ ဟို – ဆန်ပြုတ်ဈေးတွေက နဲနဲများလို့ သားမှာရှိတဲ့ ငွေနဲ့ မဝယ် နိုင်တာနဲ့ ဈေးနည်းနည်းပေါတဲ့ နွားနို့လေးဘဲ … …” ကျွန်တော် နားထောင်နိုင်စွမ်း မရှိတော့သလို ကြည့်နိုင်စွမ်းလဲ မရှိတော့ပါ။ အလိပ်လိုက် ထွက်နေတဲ့ ဒေါသတွေလဲ အခိုးအငွေ့လို ပျောက်ကွယ်သွားပြီး ရင်ထဲမှာ ဆို့နင့်လို့ လာပါတယ်။

တဲ အဝ ကနေ အထဲကို ချောင်းကြည့် နေရာက လမ်းမဘက် ကိုယ်ကို လှည့်ပြီး ပြန်မယ် အလုပ်မှာ “ဘာကိစ္စ ရှိလို့လဲရှင့်” အသက် ၁၃ နှစ်အရွယ် မိန်းမငယ်လေးက ရေထမ်း ထမ်းပိုးနဲ့ ရေပုံးကို မြေပေါ် ချရင်း ကျွန်တော့်ကို မေးလိုက်တာ ဖြစ်ပါတယ်။ ထမီတိုတို နွမ်းစိုစို၊ ရေပုံးနှစ်ပုံးကို ဝါးပိုးဝါးနဲ့ ဆိုင်းထမ်းထားတဲ့ ကောင်မလေးကို ခြေဆုံးခေါင်းဆုံး ပြန်ကြည့်နေတုံးမှာ “ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်” လို့ ထပ်မေးတာ ခံလိုက်ရပါတယ်။ “ဩော် – ဟို ကိုအတာကြီး ကိုအတာကြီး သွေးလှူ သွေး … …” သူခိုး လူမိ သလို ကျွန်တော် အထစ်ထစ် အငေ့ါငေ့ါ ဖြစ်နေချိန်မှာ ကောင်မလေးက “ဩော် ကိုအတာကြီးကို သွေးလှူဖို့ လာခေါ်တာလား” “ဟာ မဟုတ်ဘူး မဟုတ်ဘူး အစ်ကိုက သူ့ကို သွေးလှူရင်း သိသွားလို့ သူနေတဲ့ နေရာကို လိုက်လာတာ သူနဲ့ မသိပါဘူး၊ ဟို သူ့အကြောင်း သိချင်လို့ပါ ” “သူ့ အကြောင်း သိချင်ရင် ကျွန်မ ပြောပြပ့ါမယ်။ သူ့ကိုတော့ သွား မမေးနဲ့ သူ့ကိုယ်သူ သိပ် မမှတ်မိတော့ဘူး၊ ကိုအတာကြီးက ဒါ မကောင်းဘူးရှင့် ” ကောင်မလေးက သူ့ခေါင်းကို လက်ညှိုးထိုးပြီး လက်ခါပြပါတယ်။ “ပြီးတော့ ကိုအတာကြီးက ဒါလဲ မကောင်းဘူး” ကောင်မလေးက နံစောင်းကို လက်ညှိုးထိုးပြပြီး လက်ခါပြ ပြန်ပါတယ်။ “ဟေ မင်း စကားက ဘာလဲ ကိုအတာကြီးက ခေါင်းရော ဗိုက်ရော မကောင်းဘူးလား” “ဟာ မဟုတ်ပါဘူး အစ်ကိုကြီးကလဲ ကိုအတာကြီးက ဦးနှောက် မကောင်းတော့ဘူး ပြီးတော့ နံရိုးလဲ ကျိုးနေတယ်လို့ ပြောတာ” “ဟင် ဘာဖြစ်လို့ မကောင်းတာလဲ မွေးကတည်းကလား၊ ဟို တဲ ထဲက အမယ်အိုကြီးကရော သူ့အမေလား” “အစ်ကိုကြီး သိချင်ရင် ကျွန်မ အစအဆုံး ပြောပြမယ် နားထောင်” “အေးဟုတ်ပြီ ပြောပြစမ်းပါအုံးကွာ” ကောင်မလေးက လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး ကိုအတာကြီး အကြောင်း ကျွန်တော့်ကို အစ အဆုံးပြောပြပါတော့တယ်။

“အမယ်အိုကြီးဟာ ဟိုးအရင် အပျိုကြီး ဘဝတုံးက ဆေးရုံတစ်ရုံမှာ လူနာ အဝတ်လျှော်တဲ့ အလုပ်လုပ်ရင်း သူတို့ဆေးရုံမှာ မွေးပြီး မိဘစွန့်ပစ်ထားတဲ့ ရက်သားအရွယ် ကိုအတာကြီးကို ဆေးရုံအုပ်ကြီးဆီက မရမက တောင်းပြီး သားအရင်းလို မွေးစားလာခဲ့တယ်။ အပျိုကြီး ကလေး

ရတော့ လူတွေ ဝိုင်း ကဲ့ရဲ့ပေမဲ့ ကလေးအပေါ် မေတ္တာ မပျက်ခဲ့ပါဘူး။ ကိုအတာကြီး ကလဲ အမယ်ကြီးကို အမေအရင်းလို ချစ်တယ်။ မွေးစားအမေမှန်း သိပေမဲ့ ငယ်ငယ်ကတည်းက ရပ်ကွက်ထဲမှာ ကျွန်မလို ရေထမ်းရောင်းပေးရင်း တဘက်တစ်လမ်းက ဝင်ငွေရအောင် လုပ်ပေးခဲ့တယ်။ လူပျိုပေါက် အရွယ်မှာ ဆိုက္ကားနင်းပြီး လုပ်ကျွေးခဲ့တယ်။ ကိုအတာကြီးက စာမေးပွဲ တစ်ခါမှ မကျဖူးဘူးရှင့်၊ ဆိုက္ကားနင်းရင်း ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သွားခဲ့ပါတယ်။ ဒီရပ်ကွက်ထဲက ကျွန်မတို့လို ဆင်းရဲတဲ့ ကလေးတွေအားလုံးကို အခမဲ့ စာပြပေးခဲ့တယ်။ အဝေးသင် တက္ကသိုလ် ဒုတိယနှစ်အရောက်မှာ သူ့ဆိုက္ကားကို ကိုယ်ပိုင်ကား တစ်စီး နောက်က ဝင်တိုက်ပြီး မောင်းပြေးသွားတာ ကိုအတာကြီးကို ကား တက်ကြိတ်မိသွားတယ်။ လူမသေပေမဲ့ နံရိုး သုံးချောင်း ကျိုးသွားပြီး ဦးနှောက် ထိခိုက် ဒါဏ်ရာရသွားတယ်။ ဆေးရုံက ဆင်းလာတော့ ဦးနှောက် မှတ်ဉာဏ် မကောင်းတော့လို့ တက္ကသိုလ် ဆက်မတက်နိုင်တော့ဘူး။ နံရိုး ကျိုးထားလို့ ရေလဲ ထမ်းမရောင်းနိုင် တော့သလို ဆိုက္ကားလဲ မနင်းနိုင်တော့ဘူး။

အမယ်အိုကြီး ကတော့ အရင်တုံးက အဝတ်လျှော်ခဲ့တဲ့ ဒဏ်ကြောင့် လွန်ခဲ့တဲ့ ၂နှစ်လောက် ကတည်းက ချောင်းဆိုးရင်ကျပ် အဆုတ်အအေးမိပြီး တရှောင်ရှောင် ဖြစ်နေခဲ့တယ်။ ဒီနှစ်ထဲမှာ သားစိတ်နဲ့ အိပ်ယာထဲ ဘုံးဘုံးလဲတဲ့ အထိပါဘဲရှင်။ ကိုအတာကြီးကတော့ ဦးနှောက် ရော ကိုယ်ခန္ဓာရော ဒုက္ခိတ ဖြစ်နေပေမဲ့ အမေကို လုပ်ကျွေးဖို့ လုံးဝ မမေ့ခဲ့ ဘူး။ ငွေရှာမရတဲ့ နောက်ဆုံး သူ့ကိုယ်ထဲက သွေးကို ဖောက်ထုတ်ပြီး ဆေးရုံမှာ သွေးသွားလှူရင်း လူနာရှင်ပေးတဲ့ ငွေနဲ့ သူ့အမေကို လုပ်ကျွေးခဲ့ပါတယ်ရှင်။ ကျွန်မတို့က သူတို့သားအမိကို အကြောင်းသိမို့ သနားရုံက လွဲပြီး ဘာမှ ထိထိရောက်ရောက် မကူညီနိုင်ကြပါဘူး။ ဦးနှောက် သိပ်မမှန်တော့တဲ့ ကိုအတာကြီးဟာ သူ့အမေ စားချင်တာကို ဝယ်ဖို့ ပိုက်ဆံ မရှိတဲ့အခါ တစ်ခါတစ်လေ ဆေးရုံမှာ သွေးသွားလှူရင်း သွေးရောင်းခငွေ လိုသလောက် မရရင် အော်ဟစ်ဆဲဆိုတတ်လို့ တစ်ချို့ လူနာရှင်တွေနဲ့ ဆေးရုံဝန်ထမ်းတွေကတောင် ကိုအတာကြီးကို အသဿပြာ သွေးအလှူရှင် ဆိုပြီး အထင်လွဲပြီး အိမ်အထိ ရန်လာတွေ့ ကြတာ အကြိမ်ပေါင်း မနည်း တော့ပါဘူး။



တကယ်တော့ သွေး ဆိုတာမျိုးကလဲ သုံးလနေမှ တစ်ခါ လှူခွင့်ရှိတာ မဟုတ်လား။ တစ်လောက သူ့အမေ သောက်ဖို့ဆေးလိုလို့ ဆိုပြီး သုံးလ မပြည့်ခင် သွေးလှူတာ လှူနေကျဆေးရုံက လက်မခံတော့ တခြားဆေးရုံတစ်ရုံမှာ ကိုအတာကြီးက သွေးသွားလှူ ရောင်းစားတာ လမ်းမှာ အားပြတ်ပြီး မူးလဲခဲ့သေးတယ်။ အသိ ဆိုက္ကားဆရာတွေက တွေ့လို့ အိမ်အထိ လာပို့ခဲ့လို့သာပေါ့။ နို့မဟုတ်ရင် မတွေးရဲစရာ ပါဘဲရှင်" "ဘာ" ကျွန်တော် ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် ပါးစပ် အဟောင်းသားဖြစ်သွားပါတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းလဲ မသိတော့သလို မိခင်ကျေးဇူးသိတတ်တဲ့ သူတော်ကောင်းကြီး ကိုအတာကြီးကို မျက်နှာချင်းဆိုင်ဖို့ မဝံ့မရဲဖြစ်သွားမိပါတယ်။ အိတ်ကပ်ထဲကို စမ်းကြည့်လိုက်တော့ ခုနလေးကမှ ရလာတဲ့ စာမူခ ငွေစက္ကူတွေကို တွေ့လိုက်ရတယ် ကောင်မလေး လက်ထဲ အကုန် ထည့်ပေးလိုက်ပြီး "ကိုအတာကြီးရဲ့ အမေ ခုနက ဆန်ပြုတ်သောက်ချင် တယ်လို့ ပြောသံကြားတယ်။ ရော့ရော့ ဒီငွေနဲ့ လမ်းထိပ်စားသောက်ဆိုင်က အသားဆန်ပြုတ်တစ်ခွက် ဝယ်ပေးလိုက်ပါနော် ညီမလေး"

ပြောပြီး၊ ပေးပြီးပြီးချင်း လမ်းမဘက်ကို ကျွန်တော် ချာကနဲ လှည့်ထွက်ပြီး ပြန်လာခဲ့တယ်။ ဒီနေ့မနက် စာမူခ သွားမယူခင်မှာ သွေးတိုးရောဂါနဲ့ အိပ်ယာထဲ လဲနေတဲ့ ကျွန်တော့်အမေကို "အမေ သား ဒီနေ့ စာမူခ သွားထုတ်မလို့ ဘာဝယ်ခဲ့ရမလဲ အမေ" လို့ လှမ်းအမေးမှာ အမေက "ဪ အေး၊ လမ်းထိပ်က ရခိုင်မုန့်တီကို ငါးဖယ်ရော ပဲကပ်ကြော် ရောပါအောင် တစ်ပွဲဘဲ ဝယ်ခဲ့ပါ သားရယ်" လို့ ပြန်ပြောတဲ့ အမေ့ စကားသံကို နားထဲ ပြန်ကြားလိုက်ရပါတယ်။ ခွင့်လွှတ်ပါအမေ သားရဲ့ စာမူခ လေးတွေ ကိုအတာကြီး အမေရဲ့ ဆန်ပြုတ်ဖိုး ဖြစ်သွားပါပြီ ။ အမေ့အတွက် ရခိုင်မုန့်တီလေးကိုတော့ နောက်လမှာ စာမူခ ထပ်ရတော့မှဘဲ ... ...။

ကားမှတ်တိုင် ကို ခပ်သုတ်သုတ် လျှောက်အလာမှာ ကျွန်တော့် လက်ဖမိုးပေါ် မိုးရေစက် တစ်စက် ကျလာတာမို့ ထီး မယူလာခဲ့မိတာကို သတိရရင်း အချိန်အခါ မဟုတ် ရွာတဲ့မိုး ကို ကျိန်ဆဲမလို့ ကောင်းကင်ပေါ် မော့အကြည့်မှာ နောက်ထပ် မိုးစက် တစ်စက်က ပါးပေါ် တည့်တည့် ကျလာခဲ့ပါတယ်။ ဟင် မိုးရေကလဲ မအေးဘဲ ပူလို့ပါလား။ နောက်မှ သိလိုက်ရတာက မိုးစက်တွေက ကောင်းကင်က ကျလာတဲ့ မိုးစက်တွေ မဟုတ်ဘဲ ကျွန်တော့် မျက်ဝန်းထဲက ကျလာတဲ့ မျက်ရည်တွေဆိုတာပါဘဲ။

တကယ်ဆိုရင် ကျွန်တော်ဟာ မျက်ရည်လွယ်သူ မဟုတ်ပါ။ အခုလို စီးကျလာတဲ့ မျက်ရည်တွေဟာ တော်ရုံတန်ရုံ ကိစ္စကြောင့် မဟုတ်မှန်း ကိုယ့်ကိုယ်ကို နားလည်လိုက်ပေမဲ့ ဘာ့ကြောင့်ကျတဲ့ မျက်ရည်တွေလဲ ဆိုတာကိုတော့ သေသေချာချာ မဝေခွဲနိုင်ခဲ့ဘူး။

သွေးလှူဘဏ်ထဲက သွေးလှူခ ငွေမပေးနိုင်လို့ ကိုအတာကြီးနဲ့ စကားများခဲ့တဲ့ လူနာရှင်ကို သနားလို့ ကျခဲ့တာလား။ သွေးမတော် သားမစပ်တဲ့ မိဘမဲ့ ကလေးလေးကို ယုယကြင်နာစွာ မွေးစားစောင့်ရှောက်ရင်း ရောဂါဆိုးကြောင့် အိပ်ယာပေါ် ဘုန်းဘုန်းလဲရင်း ဝေဒနာ ခံစားနေရတဲ့ ကိုအတာကြီးရဲ့ မွေးစားအမေအိုကြီးကို သနားလို့ ကျတဲ့မျက်ရည်လား။ ငယ်ငယ်လေး ကတည်းက မိခင်အရင်းလို အလိုက်တသိ ပြန်လည်ကျွေးမွေးရင်း ဒုက္ခိတ ဘဝ ရောက်တဲ့အထိ တာဝန်သိနေတဲ့ မွေးစားသား ကိုအတာကြီးကို သနားလို့ ကျတဲ့ မျက်ရည်လား။ ဒါမှမဟုတ် ကျွန်တော် အိမ်အပြန်မှာ ဝယ်လာမဲ့ ရခိုင်မုန့်တီကို စားဖို့ ပြင်ဆင်နေတဲ့ သွေးတိုးရောဂါသည် အမေ့ကိုလား ဆိုတာ ကျွန်တော်ကိုယ်တိုင် မဝေခွဲနိုင်တော့ပါ။

လောလောဆယ် အိမ်ပြန်ဖို့ ကားခ မရှိတော့ပေမဲ့။ ကုန်းကြောင်း လမ်းလျှောက် ပြန်ရလောက်အောင် နီးတဲ့ ခရီး မဟုတ်လေတော့ ကား မှတ်တိုင်မှာ ကားစောင့်နေတုံး ရပ်တယ်ဆိုရုံလေး ရပ်နေတဲ့ အမြန်ယာဉ် ခြေနင်းခုံပေါ် ဖဝါးတစ်ဘက်စာနဲ့ လက်တစ်ကိုင်စာ နေရာ အပြေးအလွှား ယူရင်း အိမ်ပြန်လာခဲ့ပါတယ်။ "ဟိုအစ်ကိုကြီး ခရီးဝေးရင် အထဲ ဝင်ထိုင်ပါ။ တွယ်စီးရတာ ခရီးသည်ရော ယာဉ်မောင်းပါ အန္တရာယ် များပါတယ်" စပယ်ယာ စကားကို အသိအမှတ်ပြုရုံ ပြုံးပြလိုက်ပါတယ်။ အထဲဝင်ထိုင်လို့ မဖြစ်ဘူးလေ၊ ကျွန်တော့်မှာ ကားခ တစ်ပြားမှ ကျန်တော့တာ မဟုတ်တဲ့အတွက် စပယ်ယာကို တောင်းပန်ပြီး စီးရမှာဆိုတော့ အလကားလဲ စီးသေး၊ ထိုင်ခုံထဲလဲ ဝင်ထိုင်နေသေး ဆိုရင် ပြူစူမှာစိုးလို့ ကိုယ့်ဖာသာကိုယ် အလိုက်တသိ တွယ်စီးနေတာကို သိရင် စပယ်ယာ လေသံချိုနိုင်မှာ မဟုတ်တာကို တွေးမိရင်း ပြုံးလိုက်မိပါတယ်။ အဲဒီလို အပြုံးမှာ ပါးပြင်ပေါ် တင်ကျန်နေတဲ့ မျက်ရည်စ တစ်ချို့ ကားမောင်းတဲ့ လေ အရှိန်နဲ့ အဝေးကို လွင့်စင်သွားပါတယ်။

စိတ်ထဲမှာတော့ နောက်တစ်ခါ မျက်ရည်ကျစရာ အကြောင်းတွေ ကြုံလာရင် ခံနိုင်ရည် ရှိအောင် ဘယ်လို လုပ်ရမလဲဆိုတာကိုဘဲ တွေးနေမိပါတော့တယ်။ ॥ **(မင်းအောင်သက်လွင် )**

---

**ရှာပုံတော်**



* မမ တစ်ယောက်ထံ ချစ်ခွင့်ပန်
ဗလာနတ္ထိ အသည်း မရှိတဲ့ ॥
* ရွယ်တူ တစ်ယောက်ထံ ချစ်ခွင့်ပန်
ပါးကွဲသွားမယ် လက်ဝါးကြည့်တဲ့ ॥
* ချာတိတ် တစ်ယောက်ထံ ချစ်ခွင့်ပန်
အချစ်အကြောင်း ဘာမှမသိ တဲ့။
* ဪ ချစ်မေတ္တာ ချစ်မေတ္တာ – – –
မေတ္တာကိုရှာ ဒီကမ္ဘာ ၊ မိုးမြေအထိ
ဒါဏ်ချက်များလျှံ ကားတိုင်မြင်မှ
နားလည်ပါ၏။ ॥ (ရောမ ၅း၈) **(မင်းထွန်းသက်လွင်)**

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin , 4 Tuas Ave 10 , Singapore 639128.**
**(( E-mail; min_atl @ yahoo.com.sg )) Phone; (65) 81222320**